စံလွန်ကျေးရွာ

မိုင်းခေါင်ကျေးရွာအုပ်စု၊ မံစီမြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စံလွန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

စံလွန်ကျေးရွာ၏ သယ်ဇာတပြမြေပုံ



စံလွန်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



စံလွန်ကျေးရွာ၏ အဖွဲ့.အစည်းချိတ်ဆက်မှုပုံစံ



၁။ တည်နေရာနှင့် ပထဝီအနေအထား

စံလွန်ကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ၊ မံစီမြို့နယ် မိုင်းခေါင်ကျေးရွာအုပ်စု၊ မံစီမြို့မှ (၁၅)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တောင်းလိန်ရွာ၊ အနောက်ဘက်တွင် တောချုံနွယ်ရှိပြီး၊ မြောက်ဘက်တွင် မိုင်းခေါင်ရွာမ၊ တောင်ဘက်တွင် လထော်ဘွမ်တောင်နှင့် နမ့်ဖာလယ်ကွင်းတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၅)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ မယ်ဇလီ၊ သဖန်း၊ ကညင်ပင်၊ဆင်တုံးမန္တယ်၊ ကြောင်လျှာ၊ နန္တင်းဝါ၊ ကျွန်း၊ တမာပင်များရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။ မိုးစပါးစိုက်ပျိုးနိုင်သောလယ် (၅၃၇)ဧက၊ တောင်ယာမြေ (၆) ဧကရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စံလွန်ကျေးရွာတွင် ရာအိမ်မှူးနှင့် ဆယ်အိမ်ခေါင်းများပါဝင်သော အုပ်ချုပ်ရေးအဖွဲ့(၁)ဖွဲ့၊ ကျေးရွာတွင်းရှိ လူမျိုး၊ ဘာသာများအားလုံးပါဝင်ကာ မိမိတို့ကိုယ်တိုင်ရွေးချယ်တင်မြှောက်ထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁) ဖွဲ့ နှင့် အခြားအဖွဲ့များဖြစ်သော အဖွဲ့ (၅) ဖွဲ့ရှိပါသည်-

(၁) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့	(၁) ဖွဲ့
(၂) ရပ်မိရပ်ဖအဖွဲ့	(၁) ဖွဲ့
(၃) ကျောင်းကော်မတီ	(၁) ဖွဲ့
(၄) အပျိုလူပျို	(၁) ဖွဲ့
(၅) မယ်ခိန်	(၁) ဖွဲ့

၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ လူထုကသဘောတူ ရွေးချယ်ထားသောအဖွဲ့များဖြစ်ပါသည်။ အဖွဲ့တိုင်းသည်လည်းတာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းပိုင်းကို ရာအိမ်မှူးနှင့် ဆယ်အိမ်ခေါင်းများက အဓိကတာဝန်ယူဆောင်ရွက်ကြပြီး ပြင်ပမှဝင်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို နာယကများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ အဓိကတာဝန်ယူဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ နာယကများမှာ ဓမ္မဆရာ၊ သင်ထောက်ကူဆရာ၊ ကျေးရွာရာအိမ်မှူး(ဥက္ကဋ္ဌ)တို့ဖြစ်ပါသည်။ ကျေးရွာတွင် သာရေး/နာရေးကိစ္စများဖြစ်ပါက ရာအိမ်မှူး(ဥက္ကဋ္ဌ)၏ ဦးဆောင် မှုအောက်တွင် ရွာသူ/သားများအားလုံး တာဝန်ယူဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ကာ ကျေးရွာ၏ လုပ်ငန်းတာဝန်များကို ဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံအဖြစ် မိုးစပါးကိုသာ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်(၁၄၅)ဧက၊ တောင်ယာမြေ (၆)ဧကရှိပါသည်။ လယ်ယာမြေမှာ မြေဆီလွှာ

အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်များမှားမိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရပါသည်။ စပါးတစ်ဧကော အနည်းဆုံး (၆၀) တင်းမှအများဆုံး (၈၀) တင်းရရှိပြီး ပျမ်းမျှတစ်ဧကော (၇၀) တင်းနှုန်းထွက်ပါသည်။ မိုးစပါးကို ဇွန်လတွင်ပျိုးထောင်ပြီး ဇူလိုင်လတွင် ပျိုးနုတ် စိုက်ပျိုးကြပါသည်။ နိုဝင်ဘာလတွင်ပြန်လည် ရိတ်သိမ်းကြပါသည်။ သို့သော် ကျေးရွာမှရင်းနှီးမတည်မှု အားနည်းသဖြင့် တနိုင်တပိုင်သာစိုက်ပျိုးနိုင်ကြပါသည်။

စပါးနှင့်ဟင်းသီးဟင်းရွက်များကိုစီးပွားဖြစ်စိုက်ပျိုးလေ့မရှိပါ။ အိမ်စားသုံးရန်အတွက်လောက်သာစိုက်ပျိုးလေ့ရှိကြသည်။ စပါး၊ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများ ကိုသာ စိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ ဝင်ငွေရှာထွက်ကြပါသည်။ ယင်းအကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင်လုပ်သားရှားပါးခြင်း ဝင်ငွေနည်းသည့်အတွက် မိသားစုခက်ခဲမှုများပြားလာပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၁၅ အိမ်၊ ဆင်းရဲသားတောင်သူ ၄၅ အိမ်၊ တောင်သူငယ်၊ တောင်သူလတ်နှင့်တောင်သူကြီးများမရှိပါ။ ကျေးရွာတွင်အိမ်မွေးတိရိစ္ဆာန်များကိုအိမ်တိုင်းနီးပါးမွေးမြူ ကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ စံလွန်ကျေးရွာတွင် ကျွဲ (၅၇) ကောင်၊ နွား(၆၀)ကောင်၊ ဝက်(၁၀၂) ကောင်၊ ကြက်(၅၁၀)၊ ဘဲ(၄၇)ကောင် မွေးမြူကြပါသည်။ ၎င်းတို့ကို စီးပွားဖြစ်မွေးမြူခြင်းမဟုတ်ဘဲ မိသားစု ဟင်းစားအတွက်သာ မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း(၁၄) တွင်း၊ အဝီစိတွင်း ၃ တွင်း၊ ကျန်အိမ်ထောင်များမှာ တံုကင်ရေကိုသာအသုံးပြုကြပါသည်။ ရေ၏အရည်အသွေးကောင်းမကောင်းကို စစ်ဆေးထားခြင်းမရှိပါ။ ရွာတွင်းရှိရေအရည်အသွေး သိရှိရန် စစ်ဆေးပေးစေလိုပါသည်။

ကျေးရွာတွင် မူလတန်းကျောင်း(ခွဲ)အဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၆၉ ဦးရှိသည်။ အလယ်တန်းအထက်ကျောင်းသူ/သားများမှာ ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော မိုင်းခေါင် အ.ထ.က ကျောင်း သို့ သွားရောက်တက်ကြရသည်။ ရွာ၏လမ်းများမှာ မြေသားလမ်း၊ ကျောက်ခင်းလမ်းနှင့် ကွန်ကရစ်လမ်း ပေ ၃၀၀ ခန့်သာရှိပါသည်။ မြေသားလမ်းမှာ ပေ ၂၀၀ ကျော်ခန့် သာရှိပြီး နွေနှင့် ဆောင်းများတွင်သွားလာရ အသင့်အတင့်ရှိပြီး မိုးတွင်းအခါတွင် ရုံ့ဗွက်ဖြစ်သဖြင့် သွားလာရခက်ခဲပါသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ၄က်ဖျားရောဂါများဖြစ်သည်။ ၂၀၂၁ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလများတွင် COVIT-19 ရောဂါတစ်ရွာလုံးနီးပါးခံခဲ့ရပါသည်။ရောဂါဖြစ်ပါက မိုင်းခေါင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်းပိတ်ထားသဖြင့် မိမိအစီအစဉ်ဖြင့် ကုသခြင်း၊ မိုင်းခေါင်ကိုယ်ပိုင် ဆေးခန်းသို့ သွားရောက်ကုသရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် အစိုးရ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိသည်။ ပုံစံ ၇ ရှိသောလယ်တစ်ဧကလျှင် ၁၅၀၀၀၀ ကျပ်နှင့် အများဆုံး ၁၀ ဧကအထိသာ ချေးငွေရနိုင်သည်။ အတိုး ၈၀ ပြားတိုး၊ ချေးငွေကာလ ၆-၈ လဖြစ်သည်။ စိုက်ဘဏ်ချေးငွေမှာ အတိုးနှုန်း သက်သာသော်လည်း စိုက်ပျိုးချိန် မီချေးငွေမရရှိ၊ ကာလတိုချေးငွေဖြစ်သည်။သီးနှံအောင်မြင်သည်ဖြစ်စေ၊မအောင်မြင်သည်ဖြစ်စေသတ်မှတ်ထားချိန်တွင် မဖြစ်မနေ ပေးဆပ်ကြရသည်။ သီးနှံအောင်မြင်ပါကလည်း မိမိတို့သီးနှံကို ဈေးကောင်းမစောင့်နိုင်ဘဲ သတ်မှတ်ကာလတွင် ပေးဆပ်နိုင်ရန်ရောင်းချကြရသဖြင့် တောင်သူများအတွက် အကျိုးရှိမှုနည်းသည်။ ချေးငွေပမာဏမှာလည်း ကုန်ကျစရိတ်လုံလောက်မှု မရှိသောကြောင့် ကျန်လိုအပ်သော အရင်းအနှီး အချို့ကို ပြင်ပငွေချေးသူများထံမှ အတိုးနှုန်းမြင့်မားစွာ ထပ်မံချေးယူ စိုက်ပျိုးကြရသည်။ထို့ကြောင့် တောင်သူများနှင့်သင့်လျော်သော အတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန်တင်ပြကြသည်။

(c) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပြီး မူလတန်းနှင့်မူလတန်းကျောင်းခွဲဦးရေမှာ (၆၉) ရှိသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များလုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ၊ မိဘဆရာအသင်းများမှ ကူညီပံ့ပိုးထားရှိသည်။ ကျောင်းအိမ်သာများ ကောင်းမွန်စွာ အသုံးမပြုနိုင်ပါ။ ဆင်းရဲသားမိသားစုဝင်ကျောင်းသားများသည် ကျောင်းစရိတ်လုံလောက်မှုမရှိပါ။ မိဘ၊ ဆရာအသင်း အခန်း ကဏ္ဍမှာ အသင့်တင့်ကောင်းမွန်ပါသည်။ လူငယ်များ၏အသက်မွေးဝမ်းကျောင်း ကဏ္ဍ မှာ NGO များ၏ ပံ့ပိုးမှုများဖြင့် သင်ကြားနိုင်သော်လည်း ထိရောက်မှုလက်ခံမှုအားနည်းပြီး နိမ့်ကျဆဲ ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုမရှိပါ။

တပည့်ဆရာအချိုးမှာ(၄၀: ၁) အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာ လုံလောက်မှုရှိသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့် ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ မိဘဆရာ အသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်နှာစေးချောင်းဆိုးခြင်းများ အဖြစ်များပါသည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ်များသည်။ ၄က်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သောရောဂါ၊ တီဘီရောဂါနှင့် အဟာရချို့တဲ့မှု ရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်းချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ခွါတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ

စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်း ရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင် များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူကူးစက်နိုင်သောကြောင့် အသည်းရောင် ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေး ဗဟုသုတလည်း အားနည်းသည်။ ထို့ ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေး သင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးကိရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေး များကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာ လျော့ နည်းလာပြီး အန္တရာယ်ရှိမှုလတ်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအ ရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှာ့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှုပ်ခံရသော ကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ်ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများက အမျိုးသားများထက်ပို၍ ဦးဆောင်လေ့ရှိသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ က အမျိုးသားများနှင့်ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ လူထုမှရွေးချယ်တင်မြောက်ကြသောအခါ အမျိုး သမီးများက အမျိုးသားများနှင့် ယှဉ်၍ ပေးအပ်သောတာဝန်ကို ထမ်းဆောင်နိုင်ကြပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ လုပ်အားခ တန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းများတွင်သာ အမျိုးသားနှင့် အမျိုးသမီးများ လုပ်အားခတန်းတူမရကြပါ။ ၎င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေး

လုပ်ငန်းမှာ လုပ်အားခဝင်ငွေအများဆုံးဖြစ်ပြီး အမျိုးသားများ တစ်ရက်လုပ်အားခ (၈၀၀၀) ထိရပြီး အမျိုးသမီး တစ်ရက်လုပ်အားခ (၅၀၀၀) ထိရကြပါသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် ကျေးရွာတွင်ကျား-မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟု ဆိုနိုင်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လမ်းတံတားနှင့် အခြေခံအဆောက် အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျေးရွာခန်းမဆောင် ၂။ ရွာတွင်းလမ်းတံတား ၃။ ပစ္စည်းထိန်းသိမ်းဆောင် ၄။ သံပန်းမဏ္ဍပ်	၁ ၃ ၁၁ ၈
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ စာသင်ကျောင်း ဆောင်သစ်	၂
၃	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျန်းမာရေးဆေးပေးခန်း	၅
၄	သောက်ရေနှင့် သန့်ရှင်းမှုဖွံ့ဖြိုးမှု စီမံကိန်း	၁။ သန့်ရှင်းသောသောက်သုံးရေတွင်း(အဝီစိတွင်း)	၇
၅	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ သံစုံသီးဝိုင်း	၉
၆	လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း	၁။ အိမ်တိုင်းစေ့လျှပ်စစ်မီးရရှိရေး	၄
၁၃	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်	၆
၁၉	မူဝါဒများ	၁။ လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇) ရရှိရေး	၁၀

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ–လမ်းတံတားနှင့်အခြေခံအဆောက်အအုံဖွံ့ရေးစီမံကိန်း					
ရွာတွင်းလမ်းမကောင်းခြင်း	မြေသားလမ်းရွံ့ဗွက်ဖြစ်ရှုခြင်း၊ကျွဲ၊နွားသွားလာခြင်းကြောင့်လမ်းချိုင့်ခွက်များဖြစ်၍ပျက်စီးရခြင်း	လုပ်အားခနှင့်သဲရရှိနိုင်ခြင်း	ငွေကြေးခက်ခဲခြင်း	ကျေးလက်ဦးစီးအစုနှင့်NGOအဖွဲ့အစည်းချိတ်ဆက်ဆောင်ရွက်နိုင်	ရွာတွင်းလမ်းကြားကွန်ကရစ်လမ်းခင်းခြင်း
၂။ ကဏ္ဍ – အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း					
ရာသီအလိုက်ဖြစ်တတ်သောရေဝဂါများ(ဝမ်း၊တုတ်ကွေး၊သွေးလွန်တုတ်ကွေး၊ငှက်ဖျား)	ရာသီဥတုကရောဂါဖြစ်မှုကိုအားပေးနေခြင်း	လုပ်အား	ငွေကြေးခက်ခဲခြင်း၊ဆေးရုံမှုခက်ခဲခြင်း	ကျန်းမာရေးအသိပညာဟောပြောခြင်း	ကျန်းမာရေးဆေးပေးခန်း
၃။ကဏ္ဍ–သောက်သုံးရေရရှိရေးစီမံကိန်း					
သောက်သုံးရေမလောက်ခြင်း	ရာသီဥတုဖောက်ပြန်၍ရေရှားလာခြင်း၊လူဦးရေများပြားလာခြင်း	ဆောက်လုပ်ရန်မြေနေရာရှိ	ငွေကြေးခက်ခဲခြင်း	ကျေးလက်ဦးစီး၊NGOအဖွဲ့အစည်းချိတ်ဆက်ဆောင်ရွက်နိုင်	အဝီစိရရှိရေး

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၅	၆	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၆	၁၅	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၂၆	၄၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၅	၂၁	၃၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၆	၈၈	၁၈၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂	၁၁	၁၃
စုစုပေါင်း		**၁၅၁**	**၁၆၇**	**၃၁၈**
စုစုပေါင်း အိမ်ထောင်စု (၆၀)အိမ်		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၇%**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စံလွန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၀)ရှိပြီး လူဦးရေပေါင်း (၃၁၈)ဦး(ကျား ၁၅၁ + မ ၁၆၇)ဦး ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ(၄.၇%) ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် နည်းသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း(၁၁) ဦသာရှိပြီးယခုနှစ်များတွင် မွေးဖွါးနှုံ ကျဆင်းလာနေသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး **(၃၁)**ဦးရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့်ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး(**၄၃**)ဦး (ကျား **၁၇+မ၂၆**) နှင့် အလယ်တန်းကျောင်း သား အရွယ်(**၃၆**) ဦး(ကျား **၁၅+မ၂၁**) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်း ရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် **၁၈၄**(ကျား **၉၆**+ မ **၈၈**)၊ (၆၆.၁၂%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ် မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူ ဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး **၁၃**ဦး (ကျား ၂+မ၁၁) ဦး (၃.၈၂%) ရှိသည်။ ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။

(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ
(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ
ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၃၇	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆	ကောင်း ☐	သင့်☒	ညံ့☐
ဥယျာဉ်ခြံမြေ				
ကိုင်း/ကျွန်းမြေ				
ခနိတောမြေ				
စားကျက်မြေ				
မြေလွတ် မြေလပ်				
စုစုပေါင်း	၁၄၃			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စံလွန်ကျေးရွာတွင်လယ်(၁၃၇)ဧက ၊တောင်ယာမြေ (၆)ဧက ရှိသည်။ စိုက်ပျိုးရေးအတွက်မိုးရေနှင့်စိမ့်စမ်းရေကိုသာအဓိကထားအသုံးပြုနေရပါသည်။မြေဆီလွှာအသင့်အတင့်ရှိသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(သတ္တုကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ	သဲ (သင့်)	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	ခက်
သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	**နည်း**	**ခက်**
ပျမ်းမျှအပူချိန်	**ပျမ်းမျှမိုးရေချိန်- ၆၀· မှ ၈၀·**	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

လေ့လာတွေ့ရှိချက်။ **။စံလွန်**ကျေးရွာသည်ဗန်းမော်၊မုန်းဒိန်ပါကားလမ်းတွင်ရှိ၍ရွာ၏အရှေ့ဘက်တွင် တောင်းလိန်ရွာတည်ရှိပြီးအနောက်ဘက်တွင်တော၊ချုံနွယ်တည်ရှိပြီးမြောက်ဘက်တွင်မိုင်းခေါင်ရွာမရှိပြီ ်းလထော်ဘွမ်တောင်နှင့်နမ့်ဖာလယ်ကွင်းတည်ရှိပါသည်။ကျေးရွာသည်မြစ်ချောင်းများနီးသော်လည်းေ ောက်လုပ်ရေးလုပ်ငန်းများကိုလုပ်ကိုင်ရာ၌သဲများကိုအလွယ်တကူထုတ်ယူနိုင်ခြင်းမရှိပါ။အပင်မျိုးစိတ်

များအနေဖြင့်လူနှင့်တိရစ္ဆာန်တို့အတွက်အသုံးဝင်သောဆေးဖက်ဝင်အပင်များအနည်းငယ်မျှရှိပြီးသစ်၊ဝါး များကျေးရွာသုံးရန်အနည်းငယ်သာရှိသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	အုပ်ချုပ်ရေး အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ
၂	လူငယ်အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်(၂၀)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိ
၃	ကျောင်းကော်မတီ	၁☐ ၂☐ ၃☒	ပညာရေး ☒ ငွေကြေး☒ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၄	ရပ်မိရပ်ဖ	၁☐ ၂☐	ပညာရေး ☐ ငွေကြေး	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
		၃☒	ကျန်းမာရေး☒ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အတင့်အသင့်ရှိ
၄	ပေါ်ဒိန်မယ်ခိန်အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၅	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်ဆောင်နိုင်မှု အသင့်အတင့်ရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။စံလွန်ကျေးရွာတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးအတွက်ရပ်မိရပ်ဖနှင့်ကျောင်းဖွံ့ဖြိုးရေးကော်မတီများမှဦးဆောင်၍တာဝန်ယူဆောင်ရွက်ကြပါသည် ။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ	တိုက်ခံ/သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး	သွပ်မိုး/ထရံကာ	သွပ်မိုး/ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်ယာ (လသ)	လယ်ယာ (လသ)	လယ်ယာ (လသ)	လယ်ယာ (လသ)
အိမ်ထောင်စု (၆၀)	၁၂	၅	၂၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။စံလွန်ကျေးရွာတွင် အိမ်ခြေ(၆၀)အိမ်ရှိပြီး အဆင့် ၁ (၁) အိမ် (၁၅.၅ %)၊ အဆင့် ၂ (၃)အိမ် (၁၆.၈၃%)၊ အဆင့် ၃ (၄) အိမ် (၃၁.၁၆%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် (၁) နှင့်အဆင့်(၂)အိမ်ထောင်စုမှာ(၄)အိမ်ရှိသည့်အနက်(၁)အိမ်သာ ပိုင်ဆိုင်မှုအနည်းငယ်ရှိ ပြီးဝမ်းစာဖူလုံမှုမှာ အသင့်အတင့်ရှိသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား		တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၃	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆင်းရဲသားတောင်သူ (၁၀)အိမ်ရှိသည်။ ၂.၅ ဧကမှ ၅ ဧက ကြား၃၅အိမ်၊မြေယာမဲ့(၁၈)အိမ်ရှိသောကြောင့်မြေပိုင်ဆိုင်မှုအသင့်အတင့်ရှိကြောင်းတွေ့ရသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၃၇	တင်း	၆၀	၈၀	၇၀	ဇူလိုင်လ	နိုဝင်	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐
ပြောင်း									

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါးတို့ဖြစ်ပါသည်။စပါးစိုက်ဧကပေါင်း(၁၃၇)ဧကရှိပြီး ဇူလိုင်လတွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း ၆၀ မှ အများဆုံး တင်း ၈၀ နှင့် ပျမ်းမျှ ၇၅ တင်းနှုန်းထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်အတင့် ဖြစ်ပြီး အမြတ်ရရှိနိုင်မှု နိမ့်သည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၅	၆၀
နို့စားနွား	-	
ကျွဲ	၁၅	၅၇
မြင်း	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မြည်း	-	
လား	-	
ဆိတ်	-	
သိုး	-	
ဝက်	၄၆	၉၆
ကြက်	၅၁	၄၉၉
ဘဲ	-	
နွားနောက်	-	
ငါးလုပ်ငန်း		
ငါးကန်	-	
ပုဇွန်ကန်	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	
ရေချို ငါးဖမ်းလုပ်ငန်း	-	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွားကို ၁၅အိမ်မှ ၆ဝကောင်၊ ကျွဲကို ၁၅ အိမ်မှ၇ကောင်၊ ဝက်ကို ၄၆အိမ်မှ ၉၆ ကောင်၊ ကြက်ကို ၅၁အိမ်မှ ၄၉၉ကောင်နှင့် မွေးမြူကြသည်။ ကျွဲ၊နွားများကို လယ်၊ ယာ၊မြေထွန်ယက်စိုက်ပျိုးရန်အတွက်သာမွေးမြူကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစု ဝင်လုပ်အ ား	ရုပ်တည်နိုင်မှု(နိမ့်၊ လတ်၊မြင့်)နှင့် ရှင်း လင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	၃	၁	-	နိမ့်
၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၃	-	-	လတ်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	-

၉	ပို့ဆောင်ရေး၊သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	၃	-	-	မြင့်
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း	-	-	-	-
၁၂	ပညာရေး	-	-	-	-
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေးလုပ်ငန်းများ	၅	-	-	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆောက်လုပ်ရေး၊လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူဦးရေ
မှာ(၃)ဦးရှိပါသည်။ ၎င်းတို့သည် ကျေးရွာတွင်သာ အဓိကလုပ်ကိုင်ကြပါသည်။လက်လီ၊လက်ကားရောင်းဝယ်သော စျေးဆိုင်(၃)ဆိုင်ရှိ၍ စီးပွားဖြစ်မှုတွင် အသင့်အတင့်သာရှိပါသည်။ချေးငွေဝန်ဆောင်မှုလုပ်ငန်း(၃)ခုရှိ၍ အဖွဲ့အစည်း(၃)ခုမှ ချေးပေးပါသည်။လူမှုရေးလုပ်ငန်းအရေအတွက် (၅)ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

စျေးကွက်လက်လှမ်းမီမှု	အနီးဆုံးစျေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားစျေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
စျေးအမည် (မြို့/ ရွာ)	မံစီမြို့	ဗန်းမော်မြို့
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☒ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☒ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ နှင့်အနီးဆုံးစျေးမှာမိုင်းခေါင်စျေးဖြစ်ပြီး(၁) မိုင်ခန့်အထိကွာဝေးပါသည်။ ကျေးရွာမှ ထွက်သောစပါး၊ ပြောင်းများစသော ကုန်စည်များကို ရောင်းမည်ဆိုပါက ကား၊ ထော်လာကျီများကို ငှား၍အသုံးပြုရပါသည်။ ရောင်းချမည့်ကုန်စည်များကို ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ လမ်းမကောင်းမှုကြောင့် ကုန်စည်တန်ဆာခများ များစွာပေးရပါသည်။

ထို့ကြောင့်စျေးကွက်သို့ ချောမွေ့စွာ သွားလာနိုင်ရန် လမ်းကောင်းမွန်ရန်နှင့် ကျေးရွာနှင့်နီးသော စျေးကွက်များဖော်ထုတ်ပေးရန်လိုအပ်ကြောင်းတွေ့ရှိ ရပါသည်။

အကြီးစားစျေးမှာ ဗန်းမော်မြို့တွင်တည်ရှိပြီး ကား၊ ထော်လာဂျီများကို စင်းလုံးငှါး သွားလာကြရသောကြောင့် ကုန်ကျစရိတ်များသည်။ အကယ်၍ အများပြည်သူသွားလာရန် ဘတ်စ်ကားလိုင်းပြေးဆွဲပေးနိုင်ပါ သယ်ယူစရိတ်သက်သာလာမည်ဖြစ်သည်။ ဗန်းမော်စျေးတွင် ကုန်မျိုးစုံ လိုသလောက်အလွယ်တကူဝယ်ယူရရှိနိုင်ပြီး တစ်နေကုန်ရောင်း၊ ဝယ်နိုင်သဖြင့် စျေးအဆောက်အဦနှင့်ဝန်ဆောင်မှုကောင်းသည်။

(၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☒	၀လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း ☐ သင့် ☐ ညံ့ ☒	၀လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☒
ရွာချင်းဆက်လမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☒	၀လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းများမှာ မြေသား(မြေနီ)လမ်းဖြစ်ပါသည်။နွေနှင့်ဆောင်းတွင် သွားလာရန်အဆင်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်းများဖြစ်ပြီးသွားလာရခက်ခဲပါသည်။ရွာချင်းဆက်လမ်းမှာ(၂)ဖာလုံခန့်ရှိပါသည်။မိုးတွင်းအခါတွင်သွားလာရခက်ခဲကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☒ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☒
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းအသုံးမပြုပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်				၉၅		၃	၁		

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် မော်တော်ဆိုင်ကယ် (၄၈)စီး၊ သုံးဘီး (၁)စီး၊ ထော်လာကျီ (၆) စီး ရှိသည်။ သယ်ယူပို့ဆောင်ရေးတွင် ယာဉ်လုံလောက်မှု မရှိသဖြင့် စင်းလုံးငှါးသွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ်သွားလာရန်လိုအပ်ပါက အခက်အခဲရှိသည်။ ၎င်းအပြင် အချို့လူများ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သုံးဘီးဆိုင်ကယ်ထူထောင်လိုသော်လည်း အရင်းအနှီးမရှိသောကြောင့်ထူထောင်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့် သုံးဘီးဆိုင်ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	
ဆိုလာစနစ်	၆၀
အသေးစားရေအားလျှပ်စစ်	-

ရင်းမြစ်	အိမ်ထောင်စု
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမှိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၆၀

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ခါတ်အားလိုင်းသွယ်တန်းခြင်းရှိပါသော်လည်းအိမ်ဝင်းသို့သွယ်တန်းခြင်းမရှိသေးသဖြင့်ဆိုလာစနစ်သုံးသူ (၆၀)အိမ်ရှိပါသည်။

(၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၇၆	၃	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၇၆ လုံးရှိပြီး အမ်ပီတီ၊ မိုင်တဲ ၂ မျိုးစလုံး လိုင်းမိလိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုကြသော်လည်း Facebook နှင့် Viberကဲ့သို့သောလူမှုကွန်ယက်များကိုအသုံးပြုကြသည်။ အရေးကြီးသည့်သတင်း၊ နိုင်ငံရေး၊ စီးပွားရေး
နှင့်အခြားလေ့လာစရာများကိုအကျိုးရှိစွာအသုံးပြုနိုင်ခြင်းမရှိသေးပါ။တယ်လီဖုန်းအသုံးပြုရာတွင်လည်း ဖုန်းဘေလ်မှ အသုံးပြုကြသည်ထက်ငွေဖြတ်တောက်မှုများခံစားနေကြရသော်လည်း အရေးယူဆောင်ရွက်မှု မရှိဘဲပြည်သူများနစ်နာမှုများရှိသည်။

(၆)ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၂၉	၄၁	၇၀
အလယ်တန်း	၁၄	၂၀	၃၄

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
အထက်တန်း	၁	၄	၅
တက္ကသိုလ်/ကောလိပ်	-	-	-

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်း(ခွဲ)အထိရှိပြီးမူလတန်း(၇၀)ယောက်၊ အလယ်တန်း(၃၄)ယောက်၊ အထက်တန်း(၅)ယောက်ရှိပါသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☒ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☒ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*			
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☒ ညံ့☐	ကောင်း☐ သင့်☐ ညံ့☐	ကောင်း☐ သင့်☐ ညံ့☐
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☒	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☒ ညံ့ ☐ မရှိ ☐	ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐	ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
၈။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ☒ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐		
၉။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်		၂	၂						
ကျေးရွာခန့်		၁	၁						

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ စာသင်ကျောင်းဆောင်အခြေအနေမှာ သွပ်မိုး ၊ ထရံကာဖြစ်ပြီး ကျောင်းမှာ ကြာမြင့်နေသည်ဖြစ်သည့်အတွက် အမိုးအကာများပျက်စီးနေပြီဖြစ်ပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအတွင်းတွင်ရှိ၍ ကျောင်းသား/သူများ ခြေလျင်တက် ရောက် ကြပါသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှု မရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ ၊မိဘဆရာအသင်းများမှ ကူညီပံ့ပိုးပေးမှုများလည်းတွေ့ရပါသည်။ယခုပညာသင်နှစ်တွင် ဆရာမ(၃)ဦးရှိကြောင်းတွေ့ရသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဧယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	*ရောဂါ*	*ပျံနှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောက	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၂	သွေးလွန်တုပ်ကွေး	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၃	ငှက်ဖျား	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၆	တီဘီ	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၇	ဆီးချို	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၈	သွေးတိုး	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်* ☐	*နိမ့်* ☐	*မရှိ* ☒
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☒
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်* ☐	*နိမ့်* ☒	*မရှိ* ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူး စက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ် ပွါးမှု နိမ့်သည်။ ကျေးရွာတွင်

အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟု သုတလည်း အား နည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေး သင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☒
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☒
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☒ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိပါ။တိုကနယ်ဆေးရုံမရှိ၊ အရေးပေါ်ကိစ္စဖြစ်ပါက အခက်အခဲရှိသဖြင့် အရံသားဖွားသင်တန်းများဖွင့် လှစ်ပေးစေလိုပါသည်။ မိုင်းခေါင်ကျန်းမာရေးဌာနခွဲရှိသော်လည်း ပိတ်ထားသည့်ရက်များသောကြောင့် မံစီမြို့ဆေးရုံသို့သွားရန် အခက်အခဲများရှိသည်ကိုတွေ့ရသည်။ထို့ကြောင့်အရေးပေါ်ယာဉ်လိုအပ်ပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇-၄-၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကနေ၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း (၁၀၁)	၁၄	ရှိ☐ မရှိ☐	ကောင်း☑ သင့်☐ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝီစိတွင်း/ စက်တပ် (၁)	၃	ရှိ☐ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
အဝီစိတွင်း/ တုံကင် (၃၇)	၂၉	ရှိ☐ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မြစ်/ ချောင်းရေ		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
ရေကန် (၇)		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
စိမ့်စမ်းရေ		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃)

ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သောက်ရေတွင်း(၁၄) တွင်း၊ အဝိစိတွင်းစက်တပ် (၃)တွင်း၊ အဝိစိတွင်းတုံကင် (၂၉) နှင့် ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။

(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၂
ရေလောင်း/ယင်လုံအိမ်သာ	၅၈
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်(၆၀)အိမ်ရှိသည့်အနက် ရေဆွဲ(၂)အိမ်၊ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ (၅၈)အိမ်နှင့် အိမ်သာမရသောအိမ်ထောင်မရှိကြောင်းတွေ့ရသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ကျေးရွာ၏ ၄၀%မှာ စားနပ်ရိက္ခာဖူလုံ၍ ကျန် ၂၀%မှာစားနပ်ရိက္ခာဖူလုံမှုမရှိပေ။ သဘာဝဘေးအန္တရာယ်များမှာ ရေကြီးခြင်း မုန်တိုင်းကျခြင်းများရှိပါသည်

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု		
မြေဆီဩဇာ အခြေအနေ	မြင့်☐	လတ်☐	နိမ့်☒
အပင်မျိုးစိတ်များ	မြင့်☐	လတ်☒	နိမ့်☐
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်☐	လတ်☐	နိမ့်☒
ရေအရင်းအမြစ်	မြင့်☒	လတ်☐	နိမ့်☐
ငါးမျိုးကွဲများ	မြင့်☒	လတ်☐	နိမ့်☐
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်☐	လတ်☐	နိမ့်☒
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်☐	လတ်☐	နိမ့်☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီ ဩဇာ အခြေအနေတွင် မြေဆီဩဇာအခြေအနေမှာ ဖျက်ပိုးနှင့်ရောဂါကာကွယ်မှုများမှာအခက်အခဲရှိပြီးအန္တရာယ်ရှိမှုမှာအလယ်အလတ်ခန့်ရှိပါသည်။ရေအခက်အခဲရှိပြီးအန္တရာယ်ရှိမှုမြင့်ကြောင်းတွေ့ရသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* ☒
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☒	*မရှိ* ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☒
၄	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☒

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများတက်ရောက်ရန်လိုအပ်ပါသည်။